**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

Bo Da(Myanmar) Fashion Co.,Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ် ၂၃၉ ရှိ မြေဧရိယာ (၁.၆၀၁) ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းစီမံကိန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အစီရင်ခံစာ၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate – ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၃၄၈ ) ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆ /၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – | Mr.Li Dong Liang<br>ဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | – | မြေကွက်အမှတ်(၂၃၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့<br>09960515014<br>Bo Da(Myanmar) Fashion Co.,Ltd |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – | CMPစနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း |
| (ဃ) | **စီမံကိန်းကာလ** | – | အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – | (၁.၆၁၀)ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – | မြေကွက်အမှတ် (၂၃၉)၊ မြေတိုင်းရပ်ကွက်အမှတ် -၂၅၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| (ဆ) | ECC သက်တမ်း | – | (၅) နှစ်<br>စတင်ထုတ်ပေးရက် – ၃၀-၉-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် – ၂၉-၉-၂၀၂၇ |

(ဈ) အတည်ပြုအစီရင်ခံစာ - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်မှတစ်ဆင့် တင်ပြလာသည့် ၂၄-၈-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ EIA-၂/၆/၇(၀၃)(၁၅၆၉/၂၀၂၂)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့်တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၂၄.၈.၂၀၂၂

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်(၂၃၉)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Bo Da(Myanmar) Fashion Co.,Ltd ၏ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ Bo Da(Myanmar) Fashion Co.,Ltd ၏ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၂၃၉ ရှိ မြေဧရိယာ(၁.၆၁၀)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း စီမံကိန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်၏ ၂၄-၈-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ EIA-၂/၆/၇(၀၃)(၁၅၆၉/၂၀၂၂) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(EMP)အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr.Li Dong Liong၊ ဒါရိုက်တာ၊ မြေကွက်အမှတ်(၂၃၉)၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ 09960515014 မှဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၂၃၉ ရှိ မြေဧရိယာ(၁.၆၁၀)ဧကတွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းကို နှစ်(၃၀)ဆောင်ရွက်ရန် ငှားရမ်းခြင်း၊ Coat Without Padding၊ Coat with Padding၊ Men's Jacket Without Padding၊ Men's Jacking With Padding၊ Men's Pant၊ Lady's Vest တို့အား ထုတ်လုပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် စစ်ဆေးခြင်း၊ ပိတ်ဖြတ်ခြင်း၊ ချုပ်လုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်းတို့ ဆောင်ရွက်ခြင်းနှင့် စီမံကိန်းအတွက် ပြည်တွင်းဝန်ထမ်း(၈၀၀)ဦးနှင့် ပြည်ပဝန်ထမ်း(၁၆)ဦး၊ စုစုပေါင်း(၈၁၆)ဦးတို့ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်း၏ အဓိကကုန်ကြမ်းမှာ ပိတ်စ၊ ချည်မွှေးနှ မျှော့ကြိုးပြားနှင့် ကြယ်သီးဖြစ်ပြီး အထွေထွေသုံးရေအဖြစ် အဝီစိတွင်း(၁)တွင်းမှ ရယူပြီး သိုလှောင်ကန်တွင် သိုလှောင်ကာ စက်ရုံနှင့် အထွေထွေသုံးရေအသုံးပြုခြင်းအတွက် (၃,၀၀၀) ဂါလန်ဆံ့ ရေသိုလှောင်ကန်နှင့် ဂါလန်(၂၀၀၀)ဆံ့ မီးငြိမ်းသတ် ရေသိုလှောင်ကန်(၂)ကန်ထားရှိခြင်းနှင့် လျှပ်စစ်ဓာတ်အားအသုံးပြုမှုအတွက် ဓာတ်အားကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း


(YESC)မှ (315)KVA Transformer ဖြင့် ရယူမည်ဖြစ်ပြီး 62.5kVA generator နှင့် 550kVA generator (၂)လုံးအသုံးပြု၍ ဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၂၃၉ တွင် တည်ရှိပါသည်။


ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်(၂၃၉)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Bo Da(Myanmar) Fashion Co.,Ltd ၏ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း တည်နေရာပြမြေပုံ



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်(၂၃၉)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Bo Da(Myanmar) Fashion Co.,Ltd ၏ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း တည်နေရာပြမြေပုံ



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊
မြေကွက်အမှတ်(၂၃၉)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Bo Da(Myanmar) Fashion
Co.,Ltd ၏ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၏
လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက Bo Da(Myanmar) Fashion Co.,Ltd ၏ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၂၃၉ ရှိ မြေဧရိယာ(၁.၆၁၀)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းစီမံကိန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်၏ ၂၄-၈-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ EIA-၂/၆/၇(၀၃)(၁၅၆၉/၂၀၂၂) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စီမံကိန်းနှင့် သက်ဆိုင်သည့် အခြားဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၂၃၉ ရှိ မြေဧရိယာ(၁.၆၁၀)ကေတွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းကို နှစ်(၃၀)ဆောင်ရွက်ရန် ငှားရမ်းထားခြင်း၊ Coat Without Padding၊ Coat with Padding၊ Men's Jacket Without Padding၊ Men's Jacking With Padding၊ Men's Pant၊ Lady's Vest တို့အား ထုတ်လုပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်အနေဖြင့် စစ်ဆေးခြင်း၊ ပိတ်ဖြတ်ခြင်း၊ ချုပ်လုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ မီးပူတိုက်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်းတို့ဆောင်ရွက်ခြင်း၊ စီမံကိန်းအတွက် ပြည်တွင်းဝန်ထမ်း(၈၀၀)ဦးနှင့် ပြည်ပဝန်ထမ်း(၁၆)ဦး၊ စုစုပေါင်း(၈၁၆)ဦးတို့ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကာဗွန်ထွက်ရှိမှု လျော့နည်းစေရန်အတွက် လုပ်ငန်းပတ်ဝန်းကျင်၌ သစ်ပင်များ စိုက်ပျိုးရန်၊

(၂) လေထုညစ်ညမ်းမှုကို ထိန်းချုပ်ရန်အတွက် မော်တော်ယာဉ်များ၊ မီးစက်များနှင့် စက်ယန္တရားများကို ပုံမှန်စစ်ဆေးရန်၊

(၃) လုပ်ငန်းခွင်အတွင်း အမှိုက်မီးရှို့ခြင်းကို တားမြစ်ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်အတွင်း ဖုန်ထူသောနေရာများ၌ အလုပ်လုပ်သော ဝန်ထမ်းများအား Mask များ တပ်ဆင်ထားရန်။

(ဃ) **စွန့်ပစ်အစိုင်အခဲ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံဝန်းအတွင်း မည်သည့်အမှိုက် အမျိုးအစားကိုမျှ စွန့်ပစ်ခြင်း သို့မဟုတ် ရေကန်၊ တူးမြောင်းနှင့် မြစ်ကဲ့သို့သော မြေမျက်နှာသွင်ပြင်များတွင် မစွန့်ပစ်စေရန်၊

(၂) အစိုင်အခဲများကို သင့်လျော်သော နေရာတစ်ခုတွင် သီးခြားခွဲ၍ စနစ်တကျ သိမ်းဆည်းထားရန်၊

(၃) အထည်အညစ်အကြေးများကို တစ်နေရာတွင် စုဆောင်းရန်နှင့် poly/carton အမှိုက်များကို တခြားနေရာတွင် စုဆောင်းထားရန်၊

(၄) အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများဖြစ်သည့် လျှပ်စစ်မီးသီးများ၊ ဓာတုအလွတ်ကွန်တိန်နာများကို သီးခြားသိုလှောင်သည့်နေရာတွင် သိမ်းဆည်းထားရန်၊

(၅) စွန့်ပစ်ပစ္စည်းများမှ ပြန်လည်အသုံးပြု၍ရသော အထည်အလိပ်၊ ပုံး၊ ပလတ်စတစ်စာရွက်စသည့်တို့အား ပြန်လည်အသုံးပြုရန်၊

(၆) နေ့စဉ်စွန့်ပစ်အမှိုက်များကို စုဆောင်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဖြင့် ချိတ်ဆက်၍ စွန့်ပစ်ဆောင်ရွက်သွားရန်၊

(၇) နေ့စဉ်အမှိုက်များကို ရှင်းလင်းစွာ တံဆိပ်ကပ်ထားသော ကွန်တိန်နာများတွင် သိမ်းဆည်းထားပြီး ဝန်ထမ်းများအား သက်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သင့်လျော်သော သင်တန်းများ ပို့ချထားရန်။

(င) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေသုံးစွဲမှုထိန်းချုပ်ရန်အတွက် ရေမီတာများ တပ်ဆင်ထားရန်၊

(၂) ဝန်ထမ်းများအား ရေကို အိမ်သာနှင့်အခြားရေသုံးစွဲသည့် နေရာများတွင် ထိန်းသိမ်းရေး အလေ့အကျင့်များကို လေ့ကျင့်သင်ကြားပေးရန်၊

(၃) ရေညစ်ညမ်းမှုကို ရှောင်ရှားရန်အတွက် စက်ယန္တရားများနှင့် မော်တော်ယာဉ်များတွင် အသုံးပြုသော ဆီနှင့်လောင်စာဆီများကို သင့်လျော်သော စီမံခန့်ခွဲမှု ပြုလုပ်ထားရန်။

(စ) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံ၏ ရေနုတ်မြောင်းလိုင်းများ၊ မိလ္လာကန်များနှင့် အနီးဆုံး အများသုံး ရေနုတ်မြောင်းများကို လုံလောက်အောင် ဆောင်ရွက်ထားရန်၊

(၂) အနံ့ဆိုးထွက်ခြင်းနှင့် ရေစီးဆင်းမှုပိတ်ဆို့ခြင်းမှ ရှောင်ရှားရန်နှင့် စက်ရုံ၏ ရေနုတ်မြောင်းများကို သန့်ရှင်းထားရန်၊

(၃) စက်ရုံ၏ နောက်ဆုံးရေနုတ်မြောင်းသို့ တိုက်ရိုက်မစွန့်ထုတ်မီ ဘိုင်လာ ရေဆိုးမှ ထွက်လာမည့် အပူချိန်ကို ပုံမှန်စောင့်ကြည့်စစ်ဆေးရန်၊

(၄) ရေနုတ်မြောင်းများကို ပုံမှန်စစ်ဆေးထိန်းသိမ်းသွားရန်။

(ဆ) **ဆူညံသံစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးစက်များထားရှိရန်အတွက် ဆူညံသံအကာအရံအခန်းကို တည်ဆောက်ပြီး သက်ဆိုင်ရာ စက်ပစ္စည်းများ၏ သက်ဆိုင်ရာစက်ပစ္စည်းများကို ပြုပြင် ထိန်းသိမ်းမှု ဆောင်ရွက်ရန်၊

(၂) လမ်းကြောင်းနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွင် ယာဉ်များကို အရှိန်ကန့်သတ်၍ ချမှတ်ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်တွင် အလုပ်သမားများကို တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်း PPE ဝတ်စုံများ ထောက်ပံ့ဆောင်ရွက်ရန်၊

(၄) သက်ဆိုင်ရာဝန်ထမ်းအားလုံးကို စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဆူညံသံဧရိယာအတွင်း အလုပ်လုပ်နေစဉ်(PPE) ဝတ်ဆင်မှုကို စစ်ဆေးရန်။

(ဇ) **မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) အရေးပေါ်ထွက်ပေါက်နှင့် အများသူငှာ စုဝေးရာ နေရာတို့ကို ညွှန်ပြပေးထားရန်၊

(၂) မီးသတ်ဆေးဗူးများ ထုတ်ပေးခြင်း၊ အရေးပေါ်အခြေအနေများအတွက် စက်ရုံ အတွင်း မီးသတ်ဆေးဗူးများနှင့် မီးသတ်ရေပိုက်များ ထားရှိပေးထားရန်၊

(၃) စက်ရုံအတွင်း မီးငြိမ်းသတ်ရေးပစ္စည်းများကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ် ဆောင်ရွက်ရန်၊

(၄) အရေးပေါ်မီးဘေးအန္တရာယ်အတွက် မီးငြိမ်းသတ်ရေသိုလှောင်ကန် ထားရှိ ပေးရန်၊

(၅) မီးလောင်မှုဖြစ်ပွားပါက အလုပ်သမားများအား သတိပေးရန်အတွက် စက်ရုံတွင် အရေးပေါ်မီးသတိပေးချက်(Fire Alarm) တပ်ဆင်ထားရှိပေးရန်၊

(၆) စက်ရုံ၏ အရေးပေါ်ကိစ္စများအတွက် အဓိကဝင်ပေါက်များနှင့် လမ်းကြောင်း များကို မီးဘေးအရေးပေါ်ကိစ္စများအတွက် ပစ္စည်းများ သို့မဟုတ် စက်များဖြင့် ပိတ်ဆို့ထားခြင်း မပြုလုပ်စေရန်။

(ဈ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အလုပ်သမားများအား ရှေးဦးသူနာပြုသင်တန်း၊ လုံခြုံရေးသင်တန်း၊ မီးဘေးအန္တရာယ်သင်တန်း သို့မဟုတ် တခြားမရှိမဖြစ် လိုအပ်သော အရေးပေါ်ကိစ္စများနှင့် စက်ယန္တရားကိုင်တွယ်ခြင်းအတွက် လေ့ကျင့်သင်ကြား ပေးထားရန်၊

(၂) နားကြပ်များ၊ လုံခြုံရေးလက်အိတ်များကဲ့သို့သော PPE များ၊ ဌာနတစ်ခုချင်းစီ အတွက် ဦးထုပ်၊ မျက်မှန်များကို ထောက်ပံ့ပေးရန်၊

(၃) အလင်းပြင်းအား တန်ဖိုးနှင့်အညီ အလုပ်သမားများအတွက် ဘေးကင်းစွာ အလုပ်လုပ်နိုင်စေရန် လုံလောက်သော အလင်းရောင်နှင့် အမြင်ဆိုင်ရာ ပြဿနာများအား လျှော့ချရန်၊

(၄) လျှပ်စစ်ရှော့ခ်အန္တရာယ်ကို ကာကွယ်ရန် လျှပ်စစ်ထိန်းသိမ်းဝန်ထမ်းများအား ပုံမှန်စစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်မှု ပြုလုပ်ရန်အတွက် တာဝန်ပေးအပ် ထားရန်၊

(၅) တစ်ရက်လျှင် အလုပ်သမားများအတွက် အများဆုံးခွင့်ပြုနိုင်သော ဆူညံသံ အဆင့်မှာ 70 dBA ဖြစ်ပြီး ၎င်းအတွက် မကျော်လွန်စေရေး အလေးထား လိုက်နာရန်၊

(၆) စက်ရုံဧရိယာအလုပ်ချိန်အတွင်း အလုပ်သမားများအတွက် ဆူညံသံ သက်ရောက်မှုကို လုံလောက်သော အကာအကွယ်ပေးသည့် နားကြပ်များ ထောက်ပံ့ရန်။

(ည) **စွမ်းအင်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပူနှင့်အအေးထိန်းချုပ်ရန် အပူချိန်တိုင်းကိရိယာများ တပ်ဆင်ထားရန်၊

(၂) စွမ်းအင်ချွေတာရန် စက်ရုံ၏ မတူညီသောနေရာများတွင် စွမ်းအင်ချွေတာ မီးများ တပ်ဆင်ထားရန်၊

(၃) စွမ်းအင်ချွေတာသည့် စက်များကို တပ်ဆင်အသုံးပြုထားရန်၊

(၄) အသုံးမပြုသည့်အခါ စက်ပစ္စည်းများနှင့်မီးများကို ပိတ်ခြင်းကဲ့သို့သော ကောင်းမွန်သောအစီအမံများ ပြုလုပ်ထားရန်။

(ဋ) **အရေးပေါ် အခြေအနေတုန့်ပြန်ရေး စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီး၊ မြေငလျင်၊ ရေလွှမ်းမိုးမှုနှင့် မုန်တိုင်းကဲ့သို့သော အမျိုးမျိုးသော အရေးပေါ် အခြေအနေများကို စက်ရုံစီမံခန့်ခွဲရေး အစီအမံများ ပြုလုပ်ထားရန်၊

(၂) မီးငြိမ်းသတ်ကိရိယာများနှင့် မီးသတ်ရေပိုက်စနစ်များ ထားရှိခြင်းနှင့် စစ်ဆေးခြင်းများကို ကဏ္ဍအားလုံးတွင် ထားရှိရန်၊

(၃) ယာဉ်များနှင့် ထောက်ပံ့ပေးထားသော ဘေးကင်းရေးကယ်ဆယ်ရေးပစ္စည်းများကို အချိန်အခါအလိုက် စစ်ဆေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းမှလည်း သတိပေးသင်တန်းများ ဆောင်ရွက်ရန်၊

(၄) မီးဘေးကာကွယ်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ပုံမှန်ဆောင်ရွက်ရန်၊

(၅) ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်ခြင်းကဲ့သို့သော လျှောင်လှုပ်ခတ်မှုတွင် မည်သို့ လုပ်ဆောင်ရမည်ကို အလုပ်သမားများအား အသိပေးထားရန်၊

(၆) အခြားသက်ဆိုင်ရာ ဘေးကင်းရေး အရေးပေါ်အခြေအနေများကို အလုပ်သမားများအား သင်ကြားပို့ချပေးထားရန်၊

(၇) ဆေးအဖွဲ့မှ Primary Treatment အတွက် ပြင်ဆင်ထားရန်၊

(၈) အရေးပေါ်အခြေအနေများဖြစ်လျှင် ဆက်သွယ်ရမည့် နံပါတ်များပါဝင်သော အနီးဆုံးမီးသတ်စခန်း၊ နယ်မြေရဲစခန်း၊ ဆေးရုံစသည်ဖြင့် အများအလွယ်တကူ မြင်နိုင်သောနေရာတွင် ပြသထားရန်၊

(၉) မီးငြိမ်းသတ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့တို့မှ ဘေးအန္တရာယ်ကင်းရှင်းရေး ကော်မတီကို ဖွဲ့စည်းထားရန်၊

(၁၀) ကော်မတီမှ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆွေးနွေးရန် လစဉ်အစည်းအဝေး စီစဉ်ဆောင်ရွက်ထားရန်၊

(၁၁) ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဝန်ထမ်းများအား မီးဘေးလုံခြုံရေးအပြင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးသင်တန်းပေးခြင်းများ ဆောင်ရွက်ရန်။

(၄) လုပ်ငန်းလည်ပတ်ခြင်းအဆင့် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးညစ်ညမ်းမှုအတွက် $O_3$,CO,$NO_2$,$PM_{10}$,$PM_{2.5}$,$SO_2$ စသည့် ပါရာမီတာများအား စက်ရုံဝန်းတစ်နေရာတွင် နှစ်အလိုက် စောင့်ကြည့်မည်ဖြစ်ပြီး ရန်ပုံငွေ(၇၀၀,၀၀၀)ကျပ်ခန့် သုံးစွဲရန်၊

(၂) စွန့်ပစ်ပစ္စည်းများကို လုပ်ငန်းလည်ပတ်ခြင်းဆောင်ရွက်ရာတွင် အစိုင်အခဲအမှိုက်၊ အရည်အညစ်အကြေး၊ အန္တရာယ်ရှိသော အမှိုက်များကို Recycle house and waste house and at the factory office နေရာတို့တွင် အပတ်စဉ် တိုင်းတာစောင့်ကြပ်ကြည့်ရှုရန်အတွက် ရန်ပုံငွေ(၅၀,၀၀၀)ကျပ်ခန့် သုံးစွဲရန်၊

(၃) ရေအရည်အသွေးညစ်ညမ်းမှုအတွက် pH, DO, BOD, COD, TDS,Temp Oil and Grease, Chlorine, Arsenic စသည့် ပါရာမီတာများဖြင့် စက်ရုံ၏

နောက်ဆုံးရေနုတ်မြောင်းထုတ်လွှတ်ခြင်းနေရာတွင် နှစ်အလိုက် စောင့်ကြပ်ကြည့်ရှုရန်အတွက် ရန်ပုံငွေ(၃၀၀,၀၀၀)ကျပ်ခန့် သုံးစွဲရန်၊

(၄) ဆူညံသံနှင့်စပ်လျဉ်း၍ လုပ်ငန်းလည်ပတ်ခြင်းဆောင်ရွက်ရာတွင် (dBA) ပါရာမီတာဖြင့် စက်ရုံတစ်နေရာတွင် လစဉ်တိုင်းတာစောင့်ကြပ်ကြည့်ရှုရန်အတွက် ရန်ပုံငွေ(၃၀၀,၀၀၀) ကျပ်ခန့်သုံးစွဲရန်၊

(၅) မီးဘေးအန္တရာယ်များကို လုပ်ငန်းလည်ပတ်ခြင်းဆောင်ရွက်ရာတွင် မီးသတ်ကိရိယာများကို စက်ရုံအတွင်း လစဉ်တိုင်းတာ စောင့်ကြပ်ကြည့်ရှုရန်အတွက် ရန်ပုံငွေ(၅၀၀,၀၀၀)ကျပ်ခန့် သုံးစွဲရန်၊

(၆) အလင်းပြင်းအားကို လုပ်ငန်းလည်ပတ်ခြင်းဆောင်ရွက်ရာတွင် Iluminance ပါရာမီတာဖြင့် At the production line အတွင်း လစဉ်တိုင်းတာ စောင့်ကြပ်ကြည့်ရှုရန်အတွက် ရန်ပုံငွေ(၂၀,၀၀၀)ကျပ်ခန့် သုံးစွဲရန်၊

(၇) လျော့ပါးစေရေးအစီအမံများကို စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရာတွင် စီမံကိန်းအတွင်း နှစ်စဉ်တိုင်းတာ စောင့်ကြပ်ကြည့်ရှုရန်အတွက် ရန်ပုံငွေ(၂,၅၀၀,၀၀၀)ကျပ်ခန့် သုံးစွဲရန်။

(ဃ) **လုပ်ငန်းပိတ်သိမ်းခြင်းအဆင့် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံနှင့်စပ်လျဉ်း၍ (dBA)ပါရာမီတာဖြင့် လုပ်ငန်းပိတ်သိမ်းသည့်နေရာတွင် (၁)ကြိမ်တိုင်းတာ စောင့်ကြည့်မည်ဖြစ်ပြီး ရန်ပုံငွေ(၂၀၀,၀၀၀)ကျပ်ခန့် သုံးစွဲရန်၊

(၂) လေအရည်အသွေးအတွက် $O_3$,CO,$NO_2$,$PM_{10}$,$PM_{2.5}$,$SO_2$ စသည့် ပါရာမီတာများအား ဆောင်ရွက်သည့်နေရာတွင် (၁)ကြိမ် တိုင်းတာစောင့်ကြည့်မည်ဖြစ်ပြီး ရန်ပုံငွေ(၁,၀၀၀,၀၀၀) ကျပ်ခန့်သုံးစွဲရန်။

(င) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ရေးအစီအစဉ်များအတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းအား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(၈) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကိစ္စရပ်များဆောင်ရွက်ရာတွင် လူမှုရေးဆိုင်ရာ တာဝန်သိလုပ်ငန်းများ(CSR) အတွက် နှစ်စဉ်အမြတ်ငွေ၏(၂)ရာခိုင်နှုန်းကို သုံးစွဲသွားရန်နှင့်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(တ) လျာထားအသုံးစရိတ်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု(EMP)အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါအတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိ ပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်ချိန်တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် တစ်နှစ်လျှင်(၃,၉၅၀,၀၀၀) ကျပ် သုံးစွဲရန်၊

(၂) လုပ်ငန်းလည်ပတ်ချိန်တွင် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တစ်နှစ်လျှင်(၃,၉၅၀,၀၀၀) ကျပ် သုံးစွဲရန်၊

(၃) လုပ်ငန်းပိတ်သိမ်းချိန်တွင် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အတွက် တစ်နှစ်လျှင်(၁,၂၀၀,၀၀၀) ကျပ် သုံးစွဲရန်၊

(၄) ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအတွက် နှစ်စဉ်အမြတ်ငွေ၏ ၂ % အား လျာထားအသုံးပြုရန်။

(ထ) လုပ်ငန်းပိတ်သိမ်းခြင်း။ စီမံကိန်းပိတ်သိမ်းခြင်း ကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် လျော့ပါးစေရေးအတွက် အောက်ပါနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းပိတ်သိမ်းချိန်တွင် ဆောင်ရွက်ရမည့် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအား ထည့်သွင်းစဉ်းစားရန်၊

(၂) စီမံကိန်းပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်၊

(၃) စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လ ကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု

ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှပ်စီး/လျှင်လှုပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ် များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ် အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာ သော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ် ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့ နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ် ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချ ခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ် လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ်(၁.၁) သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ်၁.၂ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံး လက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှု တစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့တင်ပြရန်၊

၁၅

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာတင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်၊

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့်

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော် ကြေညာရမည်။

(ည) စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။ စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီး ကာလဟူသည့် စီမံကိန်းအဆင့် အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရမည်။ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီးကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ(၁၀)ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ၎င်းဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက်(၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘော တူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက

ထင်မြင်ယူဆ လျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင် ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထား များကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့် မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းအပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့် ပတ်သက်၍ အောက်ပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ(၆)လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက် ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင် ဆောင်ရွက်သည့် နေ့မှရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည် ဖော်နိုင်ရန် အချိန်ကာလ

မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး(၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်း မရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၃၀နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရန်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်း ဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊

လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---